ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၁ /၂၀၂၂)
၁၃၈၃ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀) ရက်
၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်

# မန္တလေးကျောက်ဝိုင်းပြင်ပတွင် ကျောက်စိမ်းရောင်းဝယ်ဖောက်ကားသူများအား အကြမ်းဖက်စစ်ကောင်စီက ဖမ်းဆီးအရေးယူခြင်းနှင့်ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ ဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အစဉ်အမြဲကြိုးစားလျက်ရှိပါသည်။ အကြမ်းဖက်စစ်ကောင်စီသည် ၎င်းတို့၏ အာဏာတည်မြဲရေးနှင့် ဝင်ငွေရရှိရေးကို ဦးစားပေးကြိုးပမ်းလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း မန္တလေးကျောက်ဝိုင်းပြင်ပတွင်ကျောက်စိမ်းရောင်းဝယ်ဖောက်ကားသူများအား မတရား ဖမ်းဆီးအရေးယူခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်တွင် နစ်နာသူ ပြည်သူများ၏ အခြေအနေကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် သိရှိ၍ စာနာနားလည်သည့်အပြင် မှတ်တမ်းတင်ထားရှိပါသည်။ ဤဖြစ်စဉ်၏ အခြေအနေကို သုံးသပ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေအပါအဝင် လုပ်ထုံးလုပ်နည်းများကိုလည်း ဖက်ဒရယ်သယံဇာတ စီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒနှင့်အညီ ပြည်သူဗဟိုပြု ချဉ်းကပ်မှုဖြင့် ပြင်ဆင်ရေးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ၎င်းဖြစ်စဉ်တွင် ပါဝင်ကျူးလွန်ခဲ့သည့် အကြမ်းဖက်စစ်ကောင်စီနှင့် ၎င်း၏ သစ္စာခံ လုပ်ငန်း/ဌာနများ၏ လုပ်ရပ်များကိုလည်း မှတ်တမ်းပြုစုထားရှိကြောင်းနှင့် ၎င်းတို့၏ လုပ်ရပ်များအတွက် တာဝန်ခံသွားရမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ